# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၂၆)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၂-၅- ၂၀၁၆ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဖလီစီအာနို အာဘယ်လ်မွန်တီ ဂျူနီယာ က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးလင်းဇော်ထွန်း၊ မိုင်းဖြတ် မဲဆန္ဒနယ်၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ် မိုဘိုင်းဖုန်းဆက်သွယ်ရေး ကဏ္ဍမှာ မိုင်းဖြတ်မှ (၂၆)မိုင် ဝေးကွာသော နမ့်ပန်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ မိုင်းဖြတ်မြို့မှ ကျိုင်းတုံသွားလမ်းတွင် တည်ရှိသော မိုင်းဖြတ်ကျေးရွာအုပ်စုသို့လည်းကောင်း၊ မိုင်းဖြတ်မှ မိုင်းယောင်းလမ်းတွင် တည်ရှိသော မိုင်းတင်း၊ လန်းဆတ်ကျေးရွာအုပ်စုသို့လည်းကောင်း၊ မိုင်းဖြတ်မှ မိုင်းခုတ်၊ မိုင်းလုံးလမ်းပေါ်ရှိ မိုင်းဟဲကျေးရွာအုပ်စုသို့

လည်းကောင်း ယနေ့အထိ ဖုန်းလိုင်းများဆက်သွယ်ရန် ခက်ခဲလျက်ရှိပါ၍ မိုဘိုင်းဖုန်းဆက်သွယ်ရေးလွယ်ကူစေရန် ဆောင်ရွက်ပေးနိုင်မှု အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ ရန်ကုန်တိုင်းဒေသကြီး၊ အေးမြသီတာရပ်ကွက်(ယခင်ဖလန်းကျေးရွာဟောင်း)မှ လယ်သမားကြီး (၁၇)ဦး၏ လယ်မြေများအား စက်မှုဇုန်ပြုလုပ်ရန် အကြောင်းပြသိမ်းယူပြီး ကုမ္ပဏီကြီး(၆)ခုသို့ ရောင်းစားမှုနှင့် ပတ်သက်၍ နစ်နာသူလယ်သမားများအား ကတိကဝတ်ရှိထားသည့်အတိုင်း သက်ဆိုင်ရာ ကုမ္ပဏီများမှ ကရုဏာကြေး၊ လျော်ကြေးများကို မည်သည့် အချိန်တွင် ပေးအပ်မည်၊ မပေးနိုင်သေးပါက အဘယ်ကြောင့်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါက်တာစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်က တင်သွင်းသည့် "ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှုမရှိဘဲ အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်း မရှိသော ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးပါရန်" အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

(ဂ) ဗိုလ်မှူးစိုင်းအိုက်လှ၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဃ) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(စ) ဒုတိယဗိုလ်မှူးကြီးစိုးစိုးမြင့်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။